**ဒီမိုကရေစီအရေး ကြိုးပမ်းလျက်ရှိသည့် မြန်မာအမျိုးသမီးများ၏ ကြံ့ကြံ့ခံနိုင်စွမ်းကို ဂုဏ်ပြုခြင်း**

မတ်လ ၈ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့နှင့် ဘေဂျင်းကြေညာစာတမ်းနှင့် ဘေဂျင်းလုပ်ငန်းစီမံချက် (Beijing Declaration and Platform for Action) နှစ် ၃၀ ပြည့် အထိမ်းအမှတ်အဖြစ် ၂၀၂၁ ခုနှစ် စစ်တပ်မှ တရားမဝင်သည့် အာဏာသိမ်းမှု နောက်ပိုင်း မြန်မာ့ ဒီမိုကရေစီရေး ကြိုးပမ်းလှုပ်ရှားမှုတွင် အမျိုးသမီးများ အဓိကသည့် အခန်းကဏ္ဍမှ ဆက်လက်ပါဝင်နေမှုကို အသိအမှတ်ပြုရန် အရေးကြီးပါသည်။ စစ်အာဏာသိမ်းမှုသည် မြန်မာနိုင်ငံတွင် မကြုံစဖူး လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ဖြစ်ပေါ်စေခဲ့ပြီး အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ပြင်းထန်စွာ သက်ရောက်စေခဲ့သည်။

၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဖြစ်ပွားနေသော အကျပ်အတည်းများနှင့် ပဋိပက္ခများ၏ အကျိုးဆက်များကို အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ဆက်လက် ခံစားနေကြရသည်။ အမျိုးသမီး ၇ ဒသမ ၁ သန်းနှင့် မိန်းကလေးငယ် ၃ ဒသမ ၃ သန်း ပါဝင်သည့် အမျိုးသမီးနှင့် မိန်းကလေးငယ် ၁၀ ဒသမ ၄ သန်းသည် လူသားချင်းစာနာထောက်ထားမှု အကူအညီများ လိုအပ်နေပါသည်။ အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများသည် အမျိုးသား ဦးဆောင်သည့် အိမ်ထောင်စုများထက် ဆင်းရဲမွဲတေမှု ဖြစ်နိုင်ခြေ ၁. ၂ ဆ ပိုများပြီး ကလေးပိုများသည့် အိမ်ထောင်စုများနေဖြင့် အန္တရာယ်ကျရောက်နိုင်ခြေ ပိုများပါသည်။[1] အမျိုးသမီးများနှင့် မိန်းကလေးများသည် အတင်းအဓမ္မ စစ်မှုထမ်းရန် ဆင့်ခေါ်ခြင်းခံရနိုင်သည့် အန္တရာယ်ကြုံရနိုင်ခြင်း၊ အတင်းအဓမ္မ လက်ထပ်ထိမ်းမြားခြင်း၊ ကလေးသူငယ် လက်ထပ်ထိမ်းမြားခြင်း၊ လူကုန်ကူးခြင်းနှင့်၊ ဂျဲန်ဒါ အခြေပြု အကြမ်းဖက်မှုများအပါအဝင် ပဋိပက္ခ အကျပ်အတည်းကြောင့် ကြုံတွေ့ရသည့် အခက်အခဲများစွာကို ရင်ဆိုင်နေကြရသည်။

နက်ရှိုင်းစွာ အမြစ်တွယ်နေသော ဖိုဝါဒီကြီးစိုးမှုသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေရာများတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ဆက်လက် မှေးမှိန်စေသောကြောင့် စစ်အာဏာသိမ်းကာလလွန် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလတွင် ဥပဒေပြုရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးတွင် အမျိုးသမီးများပါဝင်ရန် ခက်ခဲစေပါသည်။ ဥပဒေရေးရာ အကာအကွယ်များ မရှိခြင်း ၊ ခွဲခြားဆက်ဆံသည့် အလေ့အထများနှင့် စီးပွားရေးဆိုင်ရာ အတားအဆီးများကဲ့သို့သော တရားမျှတမှုမရှိသည့် ဖွဲ့စည်းပုံဆိုင်ရာ အတားအဆီးများသည် အမျိုးသမီးများ နိုင်ငံရေးတွင် အပြည့်အဝ ပါဝင်မှုကို အဟန့်အတားဖြစ်စေသည့် ထပ်ဆင့်အကြောင်းတရားများဖြစ်ပါသည်။

ထိုသို့ စိန်ခေါ်မှုများ ရှိနေသော်လည်း မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် နိုင်ငံရေး၊ လက်နက်ကိုင်တိုက်ပွဲနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး နယ်ပယ်များတွင် ခေါင်းဆောင်မှုကဏ္ဍများတွင် နေရာယူလာလျက်ရှိခြင်း၊ လူထုအကျိုးပြု တက်ကြွလှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်ခြင်း၊ လူမှုအသိုင်းအဝိုင်းတွင် တန်းတူညီမျှမှုနှင့် တရားမျှတမှုကို တိုက်တွန်းအားပေးခြင်း၊ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် (FDC) တွင် ဖော်ပြထားသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၏ မျှော်ရည်ချက်ကို အထောက်အကူပြုခြင်းတို့ဖြင့်

[1] https://reliefweb.int/report/myanmar/myanmar-humanitarian-needs-and-response-plan-2025-december-2024

တမူထူးသော ကြံ့ကြံ့ခံနိုင်စွမ်းကို ပြသခဲ့ကြသည်။ FDC ၏ လူ့အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များတွင် ဂျဲန်ဒါတန်းတူညီမျှမှုနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများ ပါဝင်ပြီး လူမျိုး၊ ကိုးကွယ်ယုံကြည်မှု၊ ဂျဲန်ဒါ၊ မသန်စွမ်းမှုနှင့် လိင်စိတ်ခံယူမှု အပါအဝင် မည်သည့်အကြောင်းအချက်ပေါ်ကိုမဆို ခွဲခြားဆက်ဆံခြင်းကို တားမြစ်ထားသည်။ FDC သည် အားလုံးပါဝင်မှုရှိသော အစိုးရအဖွဲ့အစည်းများ ဖွဲ့စည်းရန်၊ အမျိုးသမီး အခွင့်အရေးနှင့် ဂျဲန်ဒါတန်းတူညီမျှရေးဆိုင်ရာကော်မရှင် ဖွဲ့စည်းရန်နှင့် မြန်မာနိုင်ငံ၏ အနာဂတ်ဒီမိုကရေစီအဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းအဆင့်တိုင်း၌ အမျိုးသမီးများ ကိုယ်စားပြုမှုအတွက် ၃၀ ရာခိုင်နှုန်း ခွဲတမ်းပါဝင်ရန်လည်း ရည်ရွယ်သည်။

## အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ - အုပ်ချုပ်ရေး၏ အနာဂတ်ကိုပုံဖော်ခြင်း

၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံရသည့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် ၂၀၂၁ ခုနှစ်တွင် ဒီမိုကရေစီအရေးကြိုးပမ်းဆောင်ရွက်သော လှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး အဝေးရောက်လွှတ်တော်ကိုယ်စားလှယ်များအဖြစ်သို့ တွန်းပို့ခံရသူများနှင့် ပဋိပက္ခဖြစ်ပွားရာဒေသများမှ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် မြန်မာနိုင်ငံ၏ တိုင်းရင်းသားအုပ်စုပေါင်းစုံနှင့် ပြည်နယ်နှင့် တိုင်းဒေကြီးအသီးသီးမှ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၁၀၀ ကျော်ပါဝင်သည့် မြန်မာအမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များကွန်ရက် (MWPN) ကို တည်ထောင်ခဲ့ပါသည်။ အမျိုးသမီးများ နိုင်ငံရေးတွင်ပါဂဝင်မှုကို အားကောင်းခိုင်မာစေရန် စုပေါင်းလုပ်ဆောင်သည့် ပလက်ဖောင်းတစ်ခုအဖြစ် ကွန်ရက်ကို တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များသည် ဂျဲန်ဒါတန်းတူ ညီမျှရေးကို အထောက်အကူပြုသည့် မူဝါဒနှင့် ဥပဒေရေးရာ မူဘောင်များကို တိုက်တွန်းအားပေးသူများအဖြစ် ဆက်လက်လုပ်ဆောင်လျက်ရှိပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အုပ်ချုပ်ရေးတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာအမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များကွန်ရက်သည် အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်မှုကို တိုးချဲ့သည့်အနေဖြင့် ၂၀၂၃ ခုနှစ်မှစ၍ လွတ်မြောက်နယ်မြေများရှိ မဲဆန္ဒနယ်များမှ ပြည်သူများနှင့် လူကိုယ်တိုင် တွေ့ဆုံဆွေးနွေးပွဲများ (in person townhall meetings) စီစဉ်ဆောင်ရွက်ကာ အမျိုးသမီးအခွင့်အရေးများ၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးနှင့် ကြားကာလပညာရေး တို့အပါအဝင် လူထုဝန်ဆောင်မှုပေးသည့်လုပ်ငန်းများ၊ လုံခြုံရေး၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုတားဆီးရေး စသည့် အဓိကပြဿနာများကို ဖော်ထုတ်ဆွေးနွေးပြီး နိုင်ငံသားအားလုံး၏ လိုအပ်ချက်များကို ထင်ဟပ်စေသော အားလုံးပါဝင်မှုရှိသည့် ဒီမိုကရေစီစနစ်ပေါ်ထွန်းလာရေး မြှင့်တင်ပေးလျက်ရှိနေပါသည်။

နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ချိတ်ဆက်ဆောင်ရွက်မှုတွင် MWPN သည် ဒေသတွင်း လွှတ်တော် ကိုယ်စားလှယ်များနှင့် ကွန်ရက်၏ ဆက်ဆံရေးကို တိုးချဲ့ခြင်း၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) ကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းများနှင့်ချိတ်ဆက်ခြင်း တို့ဖြင့် အမျိုးသမီးများ နိုင်ငံရေးတွင်ပါဝင်မှုရှိရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ပတ်သက်၍ ဒေသတွင်းနှီးနှောဖလှယ်မှုများ ပြုလုပ်ခြင်းနှင့် မြန်မာအမျိုးသမီးများ၏ အသံများ ပိုမိုထင်ဟပ်မှုရှိစေရေးတို့ကို လုပ်ဆောင်ခဲ့သည်။

မြန်မာအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များကွန်ရက် (MWPN) ဥက္ကဋ္ဌ ဒေါ်အေးမြမြမျိုးက ရှင်းပြထားသော ကွန်ရက်၏ စိန်ခေါ်မှုများနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဗီဒီယိုကို ကြည့်ရှုပါ။

“လက်ရှိမြန်မာနိုင်ငံရဲ့ စစ်အုပ်ချုပ်ရေးအောက်မှာ အကြီးမားဆုံးစိန်ခေါ်မှုကို ပြောပါဆိုရင် အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍနဲ့ ကျားမတန်းတူညီမျှရေးက အရေးမကြီးတော့ပါဘူးဆိုပြီး တစ်ချို့ ယုံကြည်ကြတာ ဖြစ်ပါတယ်။ အမျိုးသမီးတွေ ဦးဆောင်တဲ့နေရာမှာ ပါဝင်လာခြင်းကသာ ငြိမ်းချမ်းတဲ့ လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မယ့် နည်းလမ်း ဖြစ်တယ်ဆိုတာကို ကျွန်မအပြည့်အဝ ယုံကြည်ပါတယ်။ ကျွန်မတို့ တစ်ဦးတစ်ယောက်ချင်းစီခွန်အားနဲ့ ဆိုရင်တော့ မရပါဘူး။ စုပေါင်းအင်အားနဲ့ ညီညွတ်စွာ ပိုမို ထိထိရောက်ရောက် လက်တွဲပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ တရားမျှတပြီး တန်းတူညီမျှမှုရှိတဲ့ လူမှုအသိုင်းအဝိုင်းတည်ဆောက်ရာမှာနဲ့ ခေါင်းဆောင်မှု အခန်းကဏ္ဍတွေမှာ မြန်မာအမျိုးသမီးတွေ ပိုမို ပါဝင်လာနိုင်ဖို့ သိပ်ကို အရေးကြီးပါတယ်။”
အေးမြမြမျိုး၊ MWPN ဥက္ကဋ္ဌ

အမျိုးသားညီညွတ်ရေးအစိုးရ အတွင်း အမျိုးသမီးများသည် အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာနအပြင် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေးကဲ့သို့သော အဓိကဝန်ကြီးဌာနများတွင် ဝန်ကြီးတာဝန်များကို ထမ်းဆောင်လျက်ရှိနေပါသည်။ ထို့အပြင် ကြားကာလ ဂျဲန်ဒါတန်းတူညီမျှရေးမူဝါဒ (၂၀၂၄-၂၀၂၆) ကို မကြာသေးမီက အစိုးရမှ ချမှတ်ခဲ့ပြီး ဂျဲန်ဒါကိစ္စရပ်များအတွက် တုံ့ပြန်ဆောင်ရွက်မှုရှိသော အုပ်ချုပ်ရေးကို အကောင်အထည်ဖော်ရန်၊ အမျိုးသမီးများ၏ နိုင်ငံရေးပါဝင်မှု၊ စီးပွားရေး လုပ်ပိုင်ခွင့်နှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ အားကောင်းခိုင်မာစေရေးနှင့် အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကြိုးပမ်းမှုများကို တိုးမြှင့်ရေး၊ ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုများကို ပိုမိုကောင်းမွန်စွာ တုံ့ပြန်နိုင်ရေးတို့ကို မြန်မာနိုင်ငံ၏ ဦးစားပေးကြိုးပမ်း ဆောင်ရွက်ချက်များအဖြစ် သေချာစေရန် ထည့်သွင်းရေးဆွဲခဲ့သည်။

**အရပ်ဘက်စုပေါင်းခေါင်းဆောင်မှု (Grassroots Leadership) နှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း**

မြန်မာနိုင်ငံမှ အမျိုးသမီးများသည် ဒီမိုကရေစီအရေး ရုန်းကန်လှုပ်ရှားမှုတွင် အထူးအရေးပါသည့် အရပ်ဘက်ကြိုးပမ်းဆောင်ရွက်မှုများ၏ ခေါင်းဆောင်များအဖြစ် ပေါ်ထွက်လာခဲ့ကြပါသည်။ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင် ပါဝင်ကာ ဆန္ဒပြပွဲများကို ဦးဆောင်ခြင်း၊ စစ်အာဏာသိမ်းမှုကြောင့် ထိခိုက်ခဲ့ရသည့် လူမှုအသိုင်းအဝိုင်းများအတွက် အရင်းအမြစ်များကို မျှဝေခြင်း၊ မရှိမဖြစ်လိုအပ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပံ့ပိုးမှုများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်သည့် အမျိုးသမီးများ၏ သိသာထင်ရှားသော ပံ့ပိုးမှုများကို တွေ့မြင်ခဲ့ရသည်။

အရပ်ဘက်လူမှုအသိုင်းအဝိုင်းများနှင့် ထိခိုက်လွယ်အုပ်စုများ၊ အထူးသဖြင့် အမျိုးသမီးများ၊ လူငယ်များနှင့် တိုင်းရင်းသားလူနည်းစုများ ၏ အသံများကို အနာဂတ်မြန်မာနိုင်ငံကို ပုံဖော်သည့် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ထည့်သွင်းစဉ်းစားရပါမည်။ အမျိုးသမီးများ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ထိထိရောက်ရောက် ပါဝင်နိုင်ရန်နှင့် ၎င်းတို့မှ ထိခိုက်လွယ်သူများအားထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးပို့နိုင်ရန် ထောက်ပံ့ရေးကွန်ရက်များ ဖွဲ့စည်းခြင်းနှင့် သင်တန်းပေးခြင်းတို့ကို လုပ်ဆောင်ရန် အရေးကြီးပါသည်။ ထို့အပြင် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရန် ပူးပေါင်းမဟာမိတ်အဖွဲ့ဖွဲ့စည်းရေးကို အားပေးကူညီနိုင်မည့် လက်တွေ့ကျသည့် မဟာဗျူဟာများနှင့် ငွေကြေးပံ့ပိုးမှုပေးခြင်းတို့သည် မရှိမဖြစ်လိုအပ်ပါသည်။ ယခုနှစ်အတွင်း ရုတ်တရက်ဖြစ်ပွားသော သိသာထင်ရှားသည့် ရန်ပုံငွေ ဆုံးရှုံးမှုသည် အမျိုးသမီးအဖွဲ့အစည်းများနှင့် CDM များ၏ အသက်ကယ်အကူအညီများ ဆက်လက်ပေးအပ်နိုင်မှုနှင့်

အနာဂတ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်ကို ပုံဖော်ရာတွင် ၎င်းတို့ ပါဝင်နိုင်မှုအပေါ် ဆိုးရွားစွာ သက်ရောက်မှုရှိမည်ဖြစ်သည်။

## အနာဂတ်အတွက် မျှော်မှန်းချက်

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ ဒီမိုကရေစီရေး ကြိုးပမ်းလှုပ်ရှားမှုတွင် အမျိုးသမီးများ၏ စွန့်လွှတ်မှုနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုရန် အရေးကြီးပါသည်။ အမျိုးသမီးများ၏ ရဲစွမ်းသတ္တိ၊ ခေါင်းဆောင်မှုနှင့် မဆုတ်မနစ် စည်းရုံးလှုပ်ရှားမှုများသည် အနာဂတ်မျိုးဆက်များကို လှုံ့ဆော်ပေးရုံသာမက တရားမျှတပြီး ဘက်လိုက်မှုကင်းသော လူ့အဖွဲ့အစည်းပေါ်ပေါက်စေရေး ရည်မှန်းချက်ကိုလည်း ချမှတ်ပေးပါသည်။

ရှေ့သို့ မျှော်မှန်းလုပ်ဆောင်ချက်များတွင် အမျိုးသမီးများ ပါဝင် ကိုယ်စားပြုမှုရှိရေးအတွက် လိုအပ်သည့် ဖွဲ့စည်းပုံဆိုင်ရာ အပြောင်းအလဲများလုပ်ဆောင်နိုင်ရန် မြန်မာ့ဒီမိုကရေစီရေး ကြိုးပမ်းလှုပ်ရှားမှုများကို နိုင်ငံတကာ အသိုင်းအဝိုင်းက ဆက်လက် ထောက်ခံပံ့ပိုးပေးရန် အရေးကြီးပါသည်။ ရပ်ရွာအဆင့် အစီအစဉ်များမှစ၍ ပြည်ထောင်စုအဆင့်အုပ်ချုပ်ရေးအထိ ဆုံးဖြတ်ချက်ချမှတ်သည့် ကိစ္စရပ်အသီးသီးတွင် အမျိုးသမီးများ၏ အသံကို ဦးစားပေးထင်ဟပ်စေသည့် မဟာဗျူဟာများကို ဘဏ္ဍာရေးအထောက်အပံ့၊ အရင်းအမြစ်များနှင့် အမျိုးသမီးများဦးဆောင်သည့် စည်းရုံးလှုံ့ဆော်မှု အစီအစဉ်များအတွက် စွမ်းရည်မြှင့်တင်ပေးခြင်းတို့နှင့် ပေါင်းစပ် အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်း အမျိုးသမီးများ ၏ နိုင်ငံရေးပါဝင်မှုအပေါ် စိန်ခေါ်မှုများနှင့် ဂျဲန်ဒါ တန်းတူညီမျှမှုကို မြှင့်တင်နိုင်သည့် မဟာဗျူဟာများအကြောင်း ပိုမိုသိရှိနိုင်ရန် ဝင်ရောက် ဖတ်ရှုနိုင်သည့်လင့်ခ်- အာဏာသိမ်းဖြစ်စဉ်နောက်ပိုင်း မြန်မာနိုင်ငံတွင် အားလုံးပါဝင်မှုရှိရေးနှင့် ဂျန်ဒါတန်းတူညီမျှရေး- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ မဟာဗျူဟာများ - သုံးသပ်ချက်များနှင့် အဓိကမှတ်သားဖွယ်များ

International IDEA မှ ရေးသားပြုစုသည့် ဂျဲန်ဒါတန်းတူညီမျှမှုနှင့် မြန်မာနိုင်ငံဆိုင်ရာ လေ့လာဖွယ်ရာများကို အောက်ပါလင့်ခ်များမှတဆင့် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်-

မြန်မာနိုင်ငံတွင် ဂျဲန်ဒါ အခြေပြု အကြမ်းဖက်မှုကို တားဆီးခြင်း

ဂျဲန်ဒါတန်းတူညီမျှမှုအတွက် ထိရောက်စွာ စည်းရုံးလှုံ့ဆော်ရေးလမ်းညွှန်

International IDEA မှပြုစုထားသည့် Gender Quotas Database

အမျိုးသမီးများ သာတူညီမျှမှုဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန်းစစ်ချက်

ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်မှ အမျိုးသမီးများ